# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# ၁၂ ရက်မြောက်နေ့အစီအစဉ်
# [ ၂၃–၇–၂၀၁၂] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များ က မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးငွေးလွင်၊ နမ့်စန် မဲဆန္ဒနယ်၏ **မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ်လမ်းအား ယခုဆောင်ရွက်နေသည်ထက် တိုးမြှင့်ဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **တောင်ပေါ်ဒေသကျေးရွာများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်အောင် စီမံပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **ဆေးတက္ကသိုလ် ၄ ခုသို့ ကျောင်းသား/ကျောင်းသူ ဝင်ခွင့်ဦးရေကို သုံးသပ်ပြောင်းလဲရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **"တောင်သူလယ်သမားများ အများဆုံးကြုံတွေ့နေရသည့် မြေဩကိုက်ခံရခြင်းအတွက် လိုအပ်သည့် မြေဩဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန်"** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်။

(ခ) ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်း မဲဆန္ဒနယ်။

(ဂ) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်။

(ဃ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်။

(င) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်က **"တိုင်းပြည်စီးပွားရေး တိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်ရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည် ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။